# ဌာနေတိုင်းရင်းသား၏ အရေးအရာများဆိုင်ရာ ကုလသမဂ္ဂ၏ အမြဲတမ်း ဖိုရမ်



(စီမံချက် နယ်မြေအတွင်း ကန့်သတ်ထုတ်ဝေသည်။)

## ဌာနေတိုင်းရင်းသား၏ အရေးအရာများဆိုင်ရာ ကုလသမဂ္ဂ၏ အမြဲတမ်းဖိုရမ် (UNPFII) ဆိုသည်မှာ

ဌာနေတိုင်းရင်းသား၏ အရေးအရာများဆိုင်ရာ ကုလသမဂ္ဂ၏ အမြဲတမ်း ဖိုရမ်သည် ကမ္ဘာ့ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးနှင့် စိုးရိမ်ရသည့်အကြောင်းအရာများနှင့် ဆက်စပ်၍ ညှိနှိုင်းဆောင်ရွက်ပေးရသည့် ကုလသမဂ္ဂ၏ဗဟိုအစုအဖွဲ့တစ်ခုဖြစ်ပါသည်။ ယင်းအစုအဖွဲ့မှတဆင့် ဌာနေတိုင်းရင်းသားများနှင့်သက်ဆိုင်သည့် အရေးအရာများကို ကောင်းစီသို့ အကြံပြုချက်များ တင်သွင်းပေးရသည်။ နှစ်စဉ်နှစ်တိုင်း ရက်သတ္တပတ်နှစ်ပတ်ကြာအောင် ကျင်းပသည့် အဆိုပါဖိုရမ်ကို ကုလသမဂ္ဂရုံးချုပ်ရှိရာ နယူးယောက်မြို့တွင် ကျင်းပလေ့ရှိပါသည်။ သို့သော် ဂျီနီဗာမြို့ (သို့) ဖိုရမ်မှ ဆုံးဖြတ်သည့် အခြားသော နေရာများတွင်လည်း ကျင်းပလေ့ရှိပါသည်။





## ရည်ရွယ်ချက်

UNPFII သည် ၂၀၀၀ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက် အစည်းအဝေး၏ ဆုံးဖြတ်ချက် ၂၀၀၀/၂၂ အရ ဖွဲ့စည်းဖြစ်ခဲ့သည့် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီသို့ အစီရင်ခံရသည့် အကြံပေးအဖွဲ့တစ်ခုဖြစ်ပါသည်။ ယင်းအကြံပေးအဖွဲ့၏ လုပ်ငန်းတာဝန်မှာ ဌာနေတိုင်းရင်းသားတို့၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေး၊ ယဉ်ကျေးမှု၊ သဘာဝပတ်ဝန်းကျင်၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့အခွင့်အရေးဆိုင်ရာများနှင့် ဆက်စပ်သည့် ကဏ္ဍများနှင့် ညှိနှိုင်းလုပ်ဆောင်ရန် ဖြစ်သည်။

UNPFII သည် ဌာနေတိုင်းရင်းသားကိုယ်စားလှယ်များအကြားနှင့် အခြားသော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အေဂျင်စီများ၊ အလှူရှင်များ၊ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများစသည့်အဖွဲ့အစည်းများနှင့် မဟာမိတ်ဖွဲ့ရန်သော်လည်းကောင်း၊ ကွန်ယက်ချိတ်ဆက်မှုများပြုလုပ်ရန်သော်လည်းကောင်း ဖွဲ့စည်းထားသည့် အထူးဖိုရမ်တစ်ခုဖြစ်ပါသည်။ ယင်းဖိုရမ်တွင် အသိအမြင်ဖွင့်နိုင်သည့်အခွင့်အရေး၊ ဌာနေတိုင်းရင်းသားတို့နှင့် သက်ဆိုင်သည့် အရေးအရာကိစ္စရပ်များကို အခြားသော အဓိကကျသည့် ပါဝင်ပတ်သက်သူများ သိရှိစေရန်အလို့ငှာ အသိပေးခြင်းနှင့် စိုးရိမ်မှုများကို တင်ပြဝေမျှခြင်းပြုလုပ်နိုင်သည့် အခွင့်အရေးကိုလည်း စီမံပေးထားသည်။

IWGIA

NICFI
Norway's International Climate and Forest Initiative

POINT
Promotion Of Indigenous and Nature Together
ပွိုင့်-ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့

## UNPFII ၏ လုပ်ဆောင်ချက်

UNPFII သည် ကုလသမဂ္ဂအဖွဲ့အစည်းကြီးနှင့်တကွ စီးပွားရေးနှင့် လူမှုရေးကောင်စီ(ECOSOC)သို့ အကြံပြုချက်များဖော်ထုတ်ကာ အစီရင်ခံစာအတွက် ပြင်ဆင်ပေးရသည်။ ကုလသမဂ္ဂအဖွဲ့အစည်း အတွင်း ဌာနေတိုင်းရင်းသားများ၏ အရေးအရာများနှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားခြင်းခံရရန်နှင့် ညှိနှိုင်းဆောင်ရွက်မှုများအား ကောင်းစေရေးအတွက် အသိပေးလှုံ့ဆော်ပေးရသည်။ ဌာနေတိုင်း ရင်းသားဆိုင်ရာ ခေါင်းစဉ်များနှင့်သက်ဆိုင်သည့် သတင်းအချက် အလက်များကို ပြင်ဆင်ခြင်းနှင့် ပြန်ကြားခြင်းများကို အောက်ပါ အချက်များအားဖြင့် လုပ်ဆောင်ပေးရသည်။

- ကောင်စီသို့သော်လည်းကောင်း၊ ကုလသမဂ္ဂ၏ စီမံချက်ဌာန၊ ရံပုံငွေနှင့် အေဂျင်စီဌာနများသို့ ECOSOC မှတဆင့် ဌာနေ တိုင်းရင်းသားအရေးအရာကိစ္စရပ်များနှင့် သက်ဆိုင်သည့် ကျွမ်းကျင်သူများ၏ အကြံပြုချက်နှင့် ထောက်ခံချက်များကို စီမံတင်ပြပေးရန်၊
- ကုလသမဂ္ဂအဖွဲ့အစည်းအတွင်း ဌာနေတိုင်းရင်းသားများ၏ အရေးအရာများနှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားခြင်းခံရရန် နှင့် ညှိနှိုင်းဆောင်ရွက်မှုများအားကောင်းစေရေးအတွက် အမြင် ဖွင့်ပေးရန်
- တစ်နှစ်လျှင် တစ်ကြိမ် ရက်သတ္တပတ် နှစ်ပတ်ကြာမြင့်သည့် ဖိုရမ်ကျင်းပပြီး ဌာနေတိုင်းရင်းသားအရေးအရာများနှင့် သက် ဆိုင်သည့် သတင်းအချက်အလက်များကို ပြင်ဆင်ပြီး ပြန်ကြား ထုတ်ပြန်ပေးရန်။

## UNPFII တွင် ဌာနေတိုင်းရင်းသား ကိုယ်စားလှယ်များ မည်သို့ ပေါင်းစပ်ပါဝင်မှု

ဌာနေတိုင်းရင်းသားလူမျိုးများ အလုပ်အဖွဲ့တွင်ရှိသော လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီသည့် မည်သည့် ဌာနေတိုင်းရင်းသားအခြေပြုအဖွဲ့အစည်း မဆို အမြဲတမ်းဖိုရမ်တွင် လေ့လာသူအဖြစ် ပါဝင် တက်ရောက်နိုင်ပါသည်။ ဌာနေတိုင်းရင်းသားလူမျိုးများ အလုပ်အဖွဲ့သည် စီးပွားရေးနှင့် လူမှုရေး ကောင်စီတွင် ဆွေးနွေးနိုင်ရသည့်အဆင့်ရှိမရှိကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ဌာနေတိုင်းရင်းသား အဖွဲ့အစည်းများအားလုံးအတွက် လမ်းဖွင့်ထားပါသည်။ စီးပွားရေးနှင့်လူမှုရေးကောင်စီတွင် ဆွေးနွေးနိုင်သည့်အဆင့်ရှိသည့် နိုင်ငံများ၊ ကုလသမဂ္ဂ၏ အခြားသော ဌာနစိတ်များ၊ နှစ်နိုင်ငံအစိုးရဆိုင်ရာအဖွဲ့အစည်းများနှင့် အင်န်ဂျီအိုများသည်လည်း လေ့လာသူအဖြစ် ပါဝင်နိုင်ပါသည်။



## ဌာနေတိုင်းရင်းသားများနှင့် ပေါင်းစပ်ညှိနှိုင်းရေး ကုလသမဂ္ဂ လုပ်ထုံးလုပ်နည်းဆိုင်ရာ စုဖွဲ့မှုများ

ဌာနေတိုင်းရင်းသားတို့သည် ဆယ်စုနှစ်များစွာကတည်းက မိမိတို့၏ အခွင့်အရေးများနှင့် ဖြစ်တည်မှုများကို အသိအမှတ်ပြုပြီး ကမ္ဘာ့အဆင့် ဖြစ်စဉ်များနှင့် လုပ်ထုံးလုပ်နည်းယန္တရားများတွင် ထည့်သွင်းစဉ်းစားခြင်းခံရရေးအတွက် ကုလသမဂ္ဂဌာနစိတ်အားလုံးကို လွှမ်းမိုးနိုးဆော်နိုင်ရန် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြရသည်။ ၂၀၀၇ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂမှ ဌာနေတိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း(UNDRIP)ကို လက်ခံပြဋ္ဌာန်းပေးသည်အထိ ကြိုးပမ်းမှုများ အမြင့်ဆုံးအရာထင်ခဲ့သည်။ ထို့နောက် UNDRIP ထွက်လာပြီးသည့်နောက်ပိုင်း လူ့အခွင့်အရေးကော်မရှင်အောက်တွင် ဌာနေတိုင်းရင်းသားအခွင့်အရေးနှင့် ပတ်သက်သည့် အခြားသော စုဖွဲ့မှု(၃)ခု ထပ်မံပေါ်ထွက်လာခဲ့သည်။ ၎င်းတို့မှာ ဌာနေတိုင်းရင်းသားအရေးဆိုင်ရာ ကုလသမဂ္ဂ အမြဲတမ်းဖိုရမ်(UNPFII)၊ ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်အဖွဲ့(SRRIP) နှင့် ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့(အမ်းရစ် – EMRIP) တို့ ဖြစ်သည်။ 1



## မည်သူက ဌာနေတိုင်းရင်းသားများ ဖြစ်သနည်း။

ဌာနေတိုင်းရင်းသားများ၏ ကွဲပြားခြားနားမှုများအပေါ် မူတည်ပြီး “တိုင်းရင်းဖြစ်သော”(indigenous) ဟူသော စကားလုံး၏ တရားဝင် အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ကုလသမဂ္ဂမှ မွေးစားယူသည်မဟုတ်ချေ။ အောက်ပါ အချက်များအပေါ်တွင် အခြေခံ၍သာ အဆို ဝေါဟာရကို ဖော်ထုတ်ခဲ့ကြခြင်းပင် ဖြစ်ပါသည်။[2]

(၁) ကျူးကျော်သိမ်းပိုက်ခြင်းမတိုင်မီနှင့် ကိုလိုနီခေတ်မတိုင်မီကတည်းကပင် ကိုယ်ပိုင်သမိုင်းအစဉ်အလာများဖြင့် မိမိတို့၏ ကိုယ်ပိုင်နယ်နိမိတ်ပိုင်နက်များကို သတ်မှတ်ဖော်ထုတ်နေထိုင်ကြသူများ၊

(၂) မိမိတို့၏ ပိုင်နက်အတွင်း လက်ရှိဝင်ရောက်နေထိုင်သူများနှင့် မတူညီဘဲ ကွဲပြားသည်ဟု ခံယူစဉ်းစားသူများ၊

(၃) လူ့အသိုင်းအဝိုင်းတွင် စိုးမိုးခြယ်လှယ်ရန် မရှိသည့်ပုံစံဖြင့် ရှင်သန်နေသူများ၊

(၄) အနာဂတ်မျိုးဆက်သစ်များအတွက် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုလက္ခဏာများ၊ လူမှုရေးဆိုင်ရာစုဖွဲ့မှုများနှင့် ဥပဒေဆိုင်ရာ စနစ်များကို ထိန်းသိမ်း၊ ဖော်ထုတ်ပြီး ဖြန့်ဝေထုတ်လွှင့်သူများဟု သတ်မှတ်ခံထားရသူများ ဖြစ်သည်။



## မြန်မာ့ရေခံမြေခံတွင်ရှိသော ဌာနေတိုင်းရင်းသားများ

မြန်မာနိုင်ငံတွင် အဓိကရှိနေသော လူမျိုးရှစ်မျိုးဖြစ်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းနှင့်ဆက်စပ်သည့် လူမျိုးစုငယ်များအားလုံးသည် ဌာနေတိုင်းရင်းသားများ ဖြစ်ကြသည်။ အထက်ပါ သတ်မှတ်ချက်အတိုင်း အားလုံးလက်ခံနိုင်စရာဖြစ်သည်ဟူ၍ကား မဟုတ်ချေ။ ဥပမာအားဖြင့် နာဂ၊ ဓနုနှင့် ထားဝယ်ကဲ့သို့သော ဌာနေတိုင်းရင်းသားများသည် အထက်တွင် ဖော်ပြထားသည့် မည်သည့်မျိုးနွယ်စုနှင့်မျှ မသက်ဆိုင်ဟု မိမိကိုယ်ကို သတ်မှတ်ထားကြသည်။ အလားတူပင် “တိုင်းရင်းသား” ဟူသော မြန်မာဝေါဟာရသည် (တစ်ခါတရံ လူမျိုး(သို့) လူမျိုးစုများဟု အစိုးရမှ တရားဝင် ဘာသာသည်။) ပထမ အင်္ဂလိပ်ကျူးကျော်သည့်ကာလကတည်းက လက်ရှိ မြန်မာ/ဗမာနိုင်ငံ၏ နယ်နိမိတ်အတွင်း နေထိုင်သူများကိုလည်းကောင်း၊ ဗမာလူများစုအပါအဝင် အဓိကရှိနေသော လူမျိုးရှစ်မျိုးကို ဆိုလိုသည်။

“indigenous peoples” ကို “ဌာနေတိုင်းရင်းသား”ဟု ဘာသာပြန်ဆိုပြီး “လက်ရှိနယ်နိမိတ်များအတွင်း ဘိုးစဉ်ဘောင်ဆက် စည်းနှောင်မှုများဖြင့် မူလဘူတ ကတည်းက နေထိုင်ရှင်သန်သူများ” ဟု အဓိပ္ပါယ်ဖွင့်ထားသည်။ ကိုယ်ပိုင်ပြဌာန်းခွင့်အယူအဆနှင့် မြန်မာ့ရေခံမြေခံအရ လွှမ်းမိုးခြယ်လှယ်မှု မခံရသူများ၊ သမိုင်းအစဉ်အဆက်ရှိသူများ၊ ဘိုးဘွားပိုင် နယ်နိမိတ်များနှင့် ယဉ်ကျေးမှုတန်ဖိုးများ စသည့် စံနှုန်းများအပေါ်အခြေခံပြီး အနက်ဖွင့်ထားခြင်းဖြစ်သည်။

ဌာနေတိုင်းရင်းသားများတွင် ကိုယ်ပိုင်အုပ်ချုပ်သည့် ရိုးရာစနစ်များရှိသည်။ အချို့သော ဌာနေတိုင်းရင်းသားနယ်မြေများကို ဗမာဘုရင်များက ကိုလိုနီပြုခြင်းခံရသည်။ သို့သော် ဗြိတိသျှကျူးကျော်မှုမတိုင်ခင်(ချင်း၊ ကချင်နှင့် ရှမ်း)အထိ ကိုယ်ပိုင်အုပ်ချုပ်ခဲ့ကြသည်။ နာဂဒေသကဲ့သို့သော အခြားသော ဌာနေတိုင်းရင်းသားဒေသသည် ဗြိတိသျှ ကိုလိုနီပြုခြင်းမခံရဘဲ ကိုလိုနီခေတ်ကတည်းက “အုပ်ချုပ်မှုပြင်ပ ဧရိယာ”အဖြစ် သတ်မှတ်ခံရသည့်နယ်မြေဖြစ်သည်။

## ရည်ညွှန်းကိုးကားစာတမ်းများ


1— Right! Volume 2: Updated training manual on Indigenous Peoples, 2015, AIPP.

2— UNDP Factsheet: Who are Indigenous Peoples and POINT's who are IPs?

3— IP Coalition of UPR report in Myanmar 2020

https://www.docip.org/fileadmin/documents/Docip/Fiches_pratiques/Fiches_EMRIP/EN/Factsheet_EMRIP_2019-en.pdf

https://www.docip.org/en/indigenous-peoples-at-the-un/permanent-forum/


